# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇူလိုင်လ ၂၀၂၄ ခုနှစ်

HURFOM

Human Right Foundation of Monland July 2024

SUMMARY OVERVIEW & ANALYSIS

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## စစ်ကောင်စီက သတင်းလွတ်လပ်ခွင့်ကို ဖိနှိပ်တိုက်ခိုက်နေသဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ဒေသခံပြည်သူများ၏နေ့စဉ်ဘဝမှာ ခြိမ်းခြောက်ခံနေရပြီး လုံခြုံမှု မရှိတော့သည့်အပြင် အကာအကွယ်လည်း ကင်းမဲ့နေသည်။

ဇူလိုင်လ ၂၀၂၄

### စိစစ်ဖြတ်တောက်မှု၊ စောင့်ကြည့်မှုနှင့် ပုဂ္ဂလိကလုံခြုံရေး ချိုးဖောက်မှုများ မြင့်မားစွာဖြစ်ပွားနေခြင်း

စစ်ကောင်စီက နိုင်ငံအနှံ့အပြားတွင် စစ်မျက်နှာဖွင့်ကာ အကြမ်းဖက်တိုက်ခိုက်မှုများကို ကျူးလွန်နေသည်။ ပြည်သူလူထုကို ပစ်မှတ်ထားတိုက်ခိုက်မှုများအပြင် သတင်းစီးဆင်းမှုကို ဖိနှိပ်ကန့်သတ်ခြင်းနှင့် အသက်ရှင်နေထိုင်ခွင့်အတွက် လူမှုကွန်ရက်များနှင့် အင်တာနက်များ မှတဆင့် အသိပညာဗဟုသုတရပိုင်ခွင့်တို့ကို ပိတ်ပင်ခြင်းများ ပြုလုပ်လာသည်။

သတင်းအချက်အလက်စီးဆင်းမှုကို ကန့်သတ်ပိတ်ပင်ခြင်းဖြင့် ၎င်းတို့ကျူးလွန်ထားသော မတရားမှုများကို ဖုံးကွယ်ရန် စစ်ကောင်စီက ကြိုးပမ်းနေသည်မှာ ထင်ရှားနေသည်။ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်သည့်လုပ်ရပ်များ "ဘူးပေါ်သလို" ပေါ်ပေါက်သွားမည်ကို စစ်ကောင်စီက ကြောက်ရွံ့နေသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ကမ္ဘာ့စာမျက်နှာများပေါ်တွင် နှစ်ပေါင်းများစွာ မှေးမှိန်တိမ်မြုပ်နေသည်။ အင်တာနက် ကန့်သတ်နိုင်ခွင့်အပေါ် အခွင့်ကောင်းယူ၍ စစ်ကောင်စီက မရေမတွက်နိုင်သော အကြမ်းဖက်မှုများနှင့် ဥပဒေချိုးဖောက်မှုများကို ကျူးလွန်နေသည်။

ထောင်ပေါင်းများစွာသောပြည်သူများသည် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ပြီး ဆန္ဒပြမှုများနှင့် အခြားသောနည်းလမ်းများဖြင့် ၎င်းတို့၏အခွင့်အရေးများအတွက် တိုက်ပွဲဝင်နေသည်။ ဗမာ့စစ်တပ်သည် လက်နက်အားကိုးရမ်းကားနေပြီး ကျင့်ဝတ်သိက္ခာ မရှိချေ။

Reporters Without Borders (နယ်စည်းမခြား သတင်းသမားများ) က ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်သည့် အချက်အလက်အရ မြန်မာနိုင်ငံသည် သတင်းလွတ်လပ်ခွင့်တွင် နိုင်ငံပေါင်း (၁၈၀) ရှိသည့်အနက် အဆင့် (၁၇၆) တွင် ရပ်တည်နေသည်။ အဆိုပါအချက်အလက်က စစ်ကောင်စီသည် သတင်းမီဒီယာများကို မည်မျှဆိုးဆိုးရွားရွား ဖိနှိပ်နေသည်ကို ဖော်ပြနေသည်။ လူမှုကွန်ရက်တွင် သတင်းမျှဝေတတ်သည့် သာမန်ပြည်သူများ (citizen journalist) များသည်ပင် စစ်ကောင်စီ၏ အကြမ်းဖက်မှုကို ပိုမိုကြုံတွေ့လာရသည်။ စစ်ကောင်စီ၏ ရာဇဝတ်မှုများကို ဖော်ထုတ်ဖွင့်ချမိသဖြင့် မရေမတွက်နိုင်သော သတင်းသမားများသည် စစ်ကောင်စီ၏အကျဉ်းထောင်များတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည်။

ဇူလိုင်လလယ်တွင် ပြည်သူလူထုအကြား လူသုံးများ ရေပန်းစားနေသည့် "Signal" application ကို စစ်ကောင်စီက တားမြစ်ပိတ်ပင်လိုက်သည်။ "Signal" application သည် ကြားဖြတ်စောင့်ကြည့်၍ မရနိုင်သည့် လုံခြုံမှုစနစ်မြင့်မားသော ဆက်သွယ်ရေး application တစ်ခု ဖြစ်သည်။ ၎င်းပြင် "Signal" application သည် VPN ချိတ်ဆက်အသုံးပြုရန်မလိုသည့် application တစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ တက်ကြွလှုပ်ရှားသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးလှုံ့ဆော်သူများက ၎င်းတို့၏လုပ်ငန်းများကို လုံခြုံစွာလုပ်ကိုင်နိုင်ရန် အသုံးပြုနေသည်။ အဆိုပါ

## ဇူလိုင်လ ၂၀၂၄

application အသုံးပြုမှုကို ဇူလိုင်လ (၁၅) ရက်နေ့တွင် ပိုမိုတင်းကြပ်စွာ ပိတ်ပင်လာပြီး ၎င်း application အသုံးပြုသူများသည် တော်လှန်ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်နေသူများ ဖြစ်သည်ဟု စစ်ကောင်စီက စွပ်စွဲလာသည်။

အာဏာသိမ်းပြီးမကြာမီမှာပင် စည်းရုံးလှုံ့ဆော်မှုများကို ကန့်သတ်ပိတ်ပင်ရန်အတွက် စစ်ကောင်စီက Face-book လူမှုကွန်ရက်အသုံးပြုမှုကို တားဆီးပိတ်ပင်ခဲ့ပြီးဖြစ်သည်။ အဆိုပါကန့်သတ်ချက်ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများမှာ အခက်အခဲအမြောက်အမြားကြုံတွေ့ခဲ့ရသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက "လက်လှမ်းမီသည့်" မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ ဒေသခံပြည်သူများမှာ ၎င်းတို့၏လုံခြုံရေးအတွက် စဉ်ဆက်မပြတ်ခြိမ်းခြောက်ခံနေရသည်။

စစ်ကောင်စီက ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့်စောင့်ကြည့်ခြင်း၊ ပုဂ္ဂလိကလုံခြုံမှုကို ကြိမ်ဖန်များစွာ ချိုးဖောက်ခြင်းဖြင့် ဆိုးရွားအကျည်းတန်သည့်လူမှုဝန်းကျင်ကို အတင်းအကြပ်အသက်သွင်းနေသည်။ မွန်ပြည်နယ်ရှိ "Signal" application အသုံးပြုသူများကို စစ်ကောင်စီက ဖမ်းဆီးနေသည်။ ဇူလိုင်လ (၂၄) ရက်နေ့တွင် စစ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးစောင့်ကြည့်မှုများကို တင်းကြပ်စွာ လုပ်ဆောင်ပြီး "Signal" application အသုံးပြုသူများကို ဖမ်းဆီးခဲ့သည်။

မော်လမြိုင်မြို့ရှိ ဈေးကြီးလမ်းဆုံ၊ ကျိုက်မရောအထွက်လမ်းနှင့် ဒိုင်းဝန်းကွင်းမီးပွိုင့်စသည့် နေရာများတွင် လမ်းသွားလမ်းလာများနှင့် ခရီးသွားပြည်သူများကို စစ်ဆေးမေးမြန်းမှုများ တင်းကြပ်လာသည်။

ဒေသခံပြည်သူတစ်ဦးက **"စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို တားပြီးစစ်တယ်။ သူ့ဖုန်းမှာ "Signal" application ကို တွေ့လို့ ပိုက်ဆံ (၁) သိန်း ပေးလိုက်ရတယ်။ ခုတော့ အပြင်သွားရင် ဘာမှမရှိတဲ့ဖုန်းတစ်လုံး ယူသွားနေရတယ်"** ဟု ပြောသည်။

ဇူလိုင်လတစ်လလုံးတွင် ဒေသခံပြည်သူများ၏ လက်ကိုင်ဖုန်းများကို စစ်ကောင်စီက တင်းတင်းကြပ်ကြပ်စစ်ဆေးနေသည်။

"အခုတော့ "Signal" ကို သုံးဖို့ VPN ခံနေရပြီ။ ဒါတောင်တစ်ခါတလေ သုံးမရတော့ဘူး။ စစ်ဆေးနေတုန်း သူတို့ပိတ်ပင်ထားတဲ့ application တစ်ခုခုကို တွေ့ရင် ငွေတောင်းတော့တာပဲ။ ခုတော့ အပြင်သွားရင် ရှိသမျှ ap-plication တွေ အကုန်ဖျက်သွားရတယ်။ အိမ်မှာသုံးဖို့ (၁) လုံး အပြင်ထွက်ရင် (၁) လုံး ဖုန်း (၂) လုံး ထား,ထားရတယ်" ဟု မော်လမြိုင်တွင် အလုပ်လုပ်နေသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း "CDM" ပြုလုပ်ထားသည့် နည်းပညာရှင်တစ်ဦးက **"စစ်ကောင်စီက သတင်းနဲ့ ဆက်သွယ်ရေးကို ဖြတ်တောက်ဖို့ လုပ်နေတယ်။ သူတို့က တရုတ်က နည်းပညာတွေကို သုံးတယ်။ ဖုန်းတစ်လုံးကနေ တစ်လုံး အချက်အလက်တွေ ဘယ်လိုကူးပြောင်းတယ်ဆိုတာ သူတို့စောင့်ကြည့်လို့ရတယ်။ အဲနည်းပညာနဲ့ပဲ VPN သုံးသလား မသုံးဘူးလား သိနိုင်သလို VPN သုံးတာကိုလည်း ဖျက်ပစ်လို့ရတယ်။ VPN သုံးပြီး ဆက်သွယ်တာကိုလည်း သူတို့ တားလို့ရတယ်။ အဲဒါကြောင့် ထိရှလွယ်တဲ့သတင်းတွေကို မျှဝေမယ်ဆိုတော်တော်လေးသတိထားဖို့ လိုမယ်။ စစ်ကောင်စီက ဖမ်းပြီး အမှုပေါင်းစုံနဲ့ တရားစွဲပြီး ထောင်နှစ်ရှည်ချမှာပဲ"** ဟု သတိပေးပြောဆိုသည်။

ပြီးခဲ့သည့်မေလတွင်လည်း သတင်းစီးဆင်းမှုကို ထိန်းချုပ်ရန်နှင့် သတင်းထုတ်ပြန်ခြင်းများကို ဖျောက်ဖျက်ရန်အတွက် စစ်ကောင်စီက အင်တာနက်သုံးစွဲမှုကို ကန့်သတ်ခဲ့သည့်အပြင် VPN သုံးစွဲမှုကိုလည်း ပိတ်ပင်ခဲ့သည်။ ထိုကဲ့သို့လုပ်ဆောင်ခဲ့ခြင်းကြောင့် ဖုန်းဆက်သွယ်မှုနှင့် အင်တာနက်အသုံးပြုမှုများတွင် အနှောင့်အယှက်အဟန့်အတားများ ဖြစ်ပေါ်ခဲ့ပြီး "online" စီးပွားရေးလုပ်ငန်းများ၊

## ဇူလိုင်လ ၂၀၂၄

ပညာရေးနှင့် လူမှုရေးကဏ္ဍများတွင် ရိုက်ခတ်မှုကြီးမားခဲ့သည်။

စောင့်ကြည့်မှုကို တိုးမြှင့်ခြင်းနှင့် အင်တာနက်ကို ကန့်သတ်လိုက်ခြင်းတို့ကြောင့် မော်လမြိုင်မြို့ခံများသည် အခက်အခဲများကို သိသိသာသာကြုံတွေ့ခဲ့ရပြီး သတင်းသိပိုင်ခွင့်နှင့် ပုဂ္ဂလိကလုံခြုံခွင့်တို့ကို ထိခိုက်ဆုံးရှုံးခဲ့သည်။

ပြည်သူလူထုကို စောင့်ကြည့်ခြင်းနှင့် လုံခြုံစိတ်ချရသည့် ဆက်သွယ်ရေးနည်းစနစ်များကို အသုံးပြုမှုဖြင့် မတရားဖမ်းဆီးခြင်းတို့သည် ပုဂ္ဂလိကလုံခြုံခွင့်ကို ချိုးဖောက်နေသည်။ စစ်ကောင်စီ၏လုပ်ရပ်သည် ဒေသခံပြည်သူတို့ကို ခြိမ်းခြောက်ရုံသာမက ဒီမိုကရေစီအသိုင်းအဝိုင်းအတွင် အရေးပါသည့် ဆက်သွယ်ရေးနှင့် သတင်းသိရှိခွင့်တို့ကိုလည်း “လည်ပင်းညှစ်” ပိတ်ပင်လိုက်ခြင်းဖြစ်သည်။

အဆိုပါကန့်သတ်ပိတ်ပင်မှုကြောင့် ပြည်သူများအကြားတွင် အကြောက်တရားနှင့် အနှောင့်အယှက်များ ဖြစ်ပေါ်လာပြီး နေ့စဉ်လူနေမှုဘဝတွင် “ကျီးလန့်စာ စားနေရသည့်” အခြေအနေသို့ ရောက်ရှိခဲ့သည်။

အင်တာနက်အသုံးပြုမှုကို နှောင့်ယှက်ကန့်သတ်ခြင်းနှင့် VPN အသုံးပြုမှုကို ပိတ်ပင်ခြင်းများက ဒေသခံပြည်သူများ၏ online စီးပွားရေးလုပ်ငန်းများ၊ ပညာရေးအရင်းအမြစ်များ၊ လူမှုဆက်သွယ်ရေးများကို နှောင့်ယှက်ဖျက်ဆီးလိုက်ခြင်းဖြစ်ပြီး အချိန်ကြာမြင့်လာပါက မွန်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းများ ဖြစ်ပေါ်လာမည် ဖြစ်သည်။

နေ့စဉ်လူနေမှုဘဝအတွက် မရှိမဖြစ်လိုအပ်သည့် ဆက်သွယ်ရေး application များကို အသုံးပြုနိုင်မှုသည် တဖြည်းဖြည်းခက်ခဲလာကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက တွေ့ရှိခဲ့သည်။ ထိုသို့ အခက်အခဲ အကြပ်အတည်းများ ရှိနေသော်လည်း မြန်မာပြည်သူများသည် တရားမျှတမှုရရှိရန်အတွက် ပဋိပက္ခဒေသများမှ အတွေ့အကြုံများကို ဆက်လက်မျှဝေနေဆဲ ဖြစ်သည်။

မွန်ပြည်နယ် ရေးမြို့နယ်တွင်လည်း စစ်ကောင်စီအဖွဲ့ဝင်များက စစ်ဆေးမေးမြန်းမှုများကို သိသိသာသာတင်းကြပ်လာပြီး မြို့ဝင်မြို့ထွက်နေရာများနှင့် ကျေးရွာများတွင် ယာဉ်စစ်ဆေးမှုများကို အဓိကထားလုပ်ဆောင်လာသည်။

**“အဝင်အထွက်အားလုံးမှာ စစ်သားတွေချည်းပဲ”** ဟု ဒေသခံတစ်ဦးက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောသည်။

၎င်းပြင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများကို နေ့စဉ်နေ့တိုင်း စစ်ဆေးမေးမြန်းနေသည်။ လက်ကိုင်ဖုန်းများကို စစ်ဆေးသည့်အပြင် လေ့ကျင့်ထားသည့်ခွေးများဖြင့်လည်း လက်နက်ခဲယမ်းများယူဆောင်လာခြင်းရှိမရှိ စစ်ဆေးနေသည်။

ဧည့်စာရင်းများကိုလည်း တင်းတင်းကြပ်ကြပ် စစ်ဆေးနေပြီး ဧည့်စာရင်းတိုင်ထားခြင်းမရှိပါက ချက်ချင်းဖမ်းဆီးနေသည်။

ရေးမြို့နယ်ပြည်သူ့ဆေးရုံကြီး၊ တစ်ပုလ္လင်နှစ်ဆူလမ်းမ၊ အောင်သုံးအောင်လမ်းခွ၊ ရေးမီးရထားလမ်းအနီးတဝိုက်နှင့် ချောင်းတောင်၊ မော့ကနင်၊ အာယုတောင်၊ ကျုံလောင်းရွာ ဟောင်း၊ အစင်၊ ကွင်းရှည်၊ ကျောင်းရွာ၊ စုံနံ့သာနှင့် ပေါ့ထော် ကျေးရွာများတွင် ကင်းလှည့်လည် စစ်ဆေးနေသည်။

၎င်းတို့ ကျူးလွန်ထားသည့် အကြမ်းဖက်မှုများသည် ဓာတ်ပုံ၊ ဗီဒီယိုတို့မှတဆင့် သက်သေအထောက်အထားများအနေဖြင့် ပေါ်ထွက်မလာနိုင်စေရန် ထိုကဲ့သို့ ဖိနှိပ်တင်းကြပ်နေခြင်း ဖြစ်သည်။

## လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့် ပြည်သူတို့ လုံခြုံမှုကင်းမဲ့နေခြင်း

စစ်ကောင်စီက တိုက်ခိုက်မှုများကို **"တရစပ်"** ကျူးလွန်နေပြီး အပြစ်မဲ့ပြည်သူများကို ထိခိုက်သေဆုံးနေစေသဖြင့် လူ့အခွင့်အရေးအခြေအနေသည် ဆိုးရွားနေသည်။ ၂၀၂၄ ဇွန်လနှင့် ဇူလိုင်လအစောပိုင်းက ကောက်ခံရရှိထားသည့် အချက်အလက်များအရ စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သားပြည်သူ (၃) ဦး သေဆုံးပြီး ကလေးသူငယ်များအပါအဝင် (၁၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အပြစ်ပေးအရေးယူခံရမှုမှ လွတ်ကင်းနေသဖြင့် စစ်ကောင်စီက အဆိုပါအကြမ်းဖက်လုပ်ရပ်အတွက် တာဝန်ခံစရာ မလိုချေ။ စစ်ကောင်စီကို အရေးယူရန် နိုင်ငံတကာ အသိုင်းအဝိုင်းက တုံ့ဆိုင်းနေဖြင့် ပြည်သူလူထုများမှာ စိတ်ပျက်လျက်ရှိသည်။

စစ်ကောင်စီ၏ တစ်ဖက်သတ်တိုက်ခိုက်မှုများကြောင့် တစ်နိုင်ငံလုံးတွင် အကြမ်းဖက်မှုများ ပျံ့နှံ့နေသည်။

တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ်ရှိ ကျေးရွာ (၅) ရွာကိုလည်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီက တိုက်ခိုက်ခဲ့သည်။ အရပ်သား (၁) ဦး သေဆုံးပြီး (၁၀) ဦး ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နေအိမ် (၁) လုံး လည်း ထိခိုက်ပျက်စီးခဲ့သည်။

ဇွန်လ (၂၇) ရက်နေ့ နေ့လည်ပိုင်းတွင် K8W တိုက်လေယာဉ်ကို အသုံးပြုပြီး စစ်ကောင်စီက တကူကျေးရွာအုပ်စုရှိ ဘန်လော၊ သမီးလုနှင့် ကျွဲထိန်းကွင်းကျေးရွာများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အနည်းဆုံး ဗုံးသီး (၁၀) လုံး ကြဲချခဲ့ပြီး တချို့ဗုံးသီးများသည် သမီးကျေးရွာအနောက်ဘက်ရှိ လယ်ကွင်းများနှင့် ဘန်လောကျေးရွာအနောက်ပိုင်းရှိ ဆီအုန်းခြံများတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ အသက် (၆) နှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး နေအိမ် (၁) ပျက်စီးဆုံးရှုံးခဲ့သည်။

၎င်းပြင် ထမင်းမစားကျေးရွာအုပ်စု ဘာမထိကျေးရွာကိုလည်း စစ်ကောင်စီက လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြန်သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးသူ အရေအတွက်အတိအကျကို စုံစမ်းနေဆဲ ဖြစ်သည်။

**"ဗုံးလာကြဲတုန်းက ဘာတိုက်ပွဲမှ မရှိဘူး။ အဲနေရာမှာ တော်လှန်ရေးအဖွဲ့တွေလည်း မရှိဘူး"** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ဇွန်လ (၁၃) ရက်နေ့တွင် တနင်္သာရီမြို့နယ် တကူးကျေးရွာကို စစ်ကောင်စီက MI-2 ရဟတ်ယာဉ်ဖြင့် ဗုံးကြဲခဲ့ရာ အသက် (၁၂) နှစ်အရွယ် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကျောက်လွှန်းကြီးစခန်းမှ ဆုတ်ခွာလာသည့် စစ်ကောင်စီတပ် ခြံခိုတိုက်ခိုက်ခံရပြီးနောက်ပိုင်း စစ်ကောင်စီက တော်လှန်ရေးအင်အားစုများကို တိုက်ခိုက်သည်ဟုဆိုကာ ဇွန်လ (၁၉) ရက်နေ့မှ (၂၂) ရက်နေ့အထိ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

ယခုနှစ်တွင် စစ်ကောင်စီက တနင်္သာရီ၊ ရေဖြူ၊ သရက်ချောင်းနှင့် ထားဝယ်မြို့နယ်များတွင် လေကြောင်းတိုက်ခိုက်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်ထားသည်။ အဆိုပါတိုက်ခိုက်မှုများတွင် စစ်ကောင်စီက အပြစ်မဲ့ပြည်သူများကိုပါ ပစ်မှတ်ထားခဲ့သည်။

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့နယ်ခွဲ နှစ်ကရင်ကျေးရွာတွင် စစ်ကောင်စီ၏လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ဘုတာရုံအနီးရှိ နေအိမ် (၃) လုံး ထိခိုက်ပျက်စီးခဲ့ပြီး ဒေသခံ (၃) ဦး ဒဏ်ရာရခဲ့သည်။

ဇွန်လ (၂၇) ရက်နေ့ညနေ (၆) နာရီတွင် မော့ကနင်အခြေစိုက် အမှတ် (၃၁၇) အမြောက်တပ်ရင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ နှစ်ကရင်ကျေးရွာကို လက်နက်ကြီး (၅) လုံး ပစ်ခတ်ခဲ့သည်။

**"တိုက်ပွဲလည်း မရှိပါဘူး။ ရွာထဲကို တမင်သက်သက် လက်နက်ကြီးနဲ့ပစ်တာ။ သူတို့က အမြဲတမ်း ရမ်းသမ်း ပစ်ခတ်နေတာပဲ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ထိခိုက်ဒဏ်ရာရသူ (၃) ဦးကို လမိုင်းဆေးရုံသို့ ပို့ဆောင်ထားသည်။ လက်နက်ကြီးပေါက်ကွဲမှုကြောင့် အသက် (၁၃) နှစ်အရွယ် မောင်မောင်သည် လက်ချောင်းတွင် ပြင်းထန်စွာထိခိုက်ခဲ့ပြီး အသက် (၅၉) နှစ်အရွယ် ဒေါ်ရင်ရွှေသည် ဝမ်းဗိုက်တွင် ဒဏ်ရာရခဲ့သည်။ ၎င်းပြင် အသက် (၃၇) နှစ်အရွယ် ဒေါ်စိန်မိုးသည်လည်း ညာဘက်လက်မောင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

## စစ်ကောင်စီ၏အကြမ်းဖက်တိုက်ခိုက်မှုတွင် ပိတ်မိနေသည့် အမျိုးသမီးနှင့် ကလေးငယ်များ

ပဋိပက္ခနှင့်သက်ဆိုင်ခြင်းမရှိသည့်သူများကိုလည်း စစ်ကောင်စီက ဆက်လက်တိုက်ခိုက်နေသည်။ ပြီးခဲ့သည့်လတလျှောက် စစ်ဘေးရှောင်ပြည်သူများတွင် ထိခိုက်သေဆုံးမှုဦးရေများ မြင့်တက်လာပြီး အဆိုပါအရေအတွက်တွင် အမျိုးသမီးနှင့်ကလေးငယ်များ အဓိကပါဝင်နေကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တင်ပြခဲ့ပြီး ဖြစ်သည်။

ဇွန်လ (၂၈) ရက်နေ့တွင် တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ် ပလမြို့ မြို့မရဲစခန်းက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အမျိုးသမီး (၁) ဦး သေဆုံးပြီး (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

မနက် (၉) နာရီတွင် ပလမြို့မရဲစခန်းက လက်နက်ကြီး (၂) လုံး ပစ်ခတ်ခဲ့သည်။ လက်နက်ကြီး (၁) လုံးသည် ပလမြို့ သုံးလမ်းဆုံအနီးရှိ ဈေးဆိုင်တစ်ခုတွင် ကျရောက်ပေါက်ကွဲခဲ့သည်။

ဈေးဆိုင်အတွင်းတွင်ရှိနေသည့် အသက် (၄၀) အရွယ် ဒေါ်စန်းယုသည် ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသည်။ အနီးအနားတွင်ရှိနေသည့် အမျိုးသမီး (၂) ဦးနှင့် အမျိုးသား (၁) ဦးတို့သည်လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

၎င်းတိုက်ခိုက်မှုမတိုင်မီ ရက်သတ္တပတ်အနည်းငယ်အကြာတွင်လည်း မောရဝတီရေတပ်စခန်းက ပစ်ခတ်လိုက်သည့် လက်နက်ကြီးသည် ရေဖြူမြို့နယ်ရှိ နေအိမ်တစ်လုံးပေါ်တွင် ကျရောက်ပေါက်ကွဲခဲ့ပြီး မွေးကင်းစကလေးငယ်အပါအဝင် မိသားစုဝင် (၄) ဦး သေဆုံးခဲ့ရသည်။

ဇွန်လ (၂၉) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်း၏ လက်နက်ကြီးကြောင့် ကိုရင် (၁) ပါး ပျံလွန်တော်မူပြီး အမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လက်နက်ကြီးကျည်သည် ဓမ္မဒူတဘုန်းတော်ကြီးကျောင်းကို ထိမှန်ခဲ့သဖြင့် ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

ဇွန်လ (၁၄) ရက်နေ့တွင်လည်း အလားတူတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ အမှတ် (၃၁၀) အမြောက်တပ်ရင်း၏ တိုက်ခိုက်မှုကြောင့် အသက် (၁၄) နှစ်အရွယ် မနန္ဒာလင်း သေဆုံးခဲ့ရပြီး အသက် (၁) နှစ်ခွဲအရွယ်ရှိ ရွှေစင်လေး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါနေ့တွင်ပင် ခရွဲကျေးရွာမှ ရဟန်း (၂) ပါးအပါအဝင် (၄) ဦး လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အမှတ် (၃၁၀) အမြောက်တပ်ရင်းအပါအဝင် စစ်ကောင်စီလက်အောက်ခံ တပ်ရင်းများသည် လူနေကျေးရွာများကို လက်နက်ကြီးဖြင့် မကြာခဏရမ်းသမ်းပစ်ခတ်လေ့ရှိသည်။

ဇွန်လ (၃) ရက်နေ့တွင် သိမ်ဇရပ်မြို့ မုက္ခမော့ကျေးရွာတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့ရာ ဒေသခံ (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဇွန်လ (၂) ရက်နေ့တွင်လည်း လက်နက်ကြီးကြောင့် ဝါးဒက်ကွင်းကျေးရွာမှ နေအိမ် (၂) လုံး မီးလောင်ပျက်စီးခဲ့သည်။

ဇူလိုင်လ (၁၀) ရက်နေ့ မနက်ပိုင်းတွင် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် သဗျာကျေးရွာမှ အသက် (၁၅) နှစ်အရွယ် မသက်ထားစံကို စစ်ကောင်စီတပ်သားများက သတ်ဖြတ်ခဲ့သည်။ မသက်ထားစံမိသားစုသည် တိုက်ပွဲပြီးနောက် ပုန်းခိုရာမှ

ထွက်လာစဉ် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ၎င်းအား ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

အခြားပစ်ခတ်မှုတစ်ခုတွင်လည်း အမျိုးသမီး (၁) ဦး ထပ်မံသေဆုံးခဲ့ရပြန်သည်။ အရှေ့မော်တုန်းကျေးရွာအုပ်စု ကမ်းရိုးတန်း (၂) ကျေးရွာမှ အသက် (၄၂) အရွယ် ဒေါ်မီးငယ်သည် လက်နက်ကြီးကြောင့် သေဆုံးခဲ့ရသည်။

လက်နက်ကြီးပစ်ခတ်ချိန်တွင် အနီးအနားဝန်းကျင်၌ တိုက်ပွဲဖြစ်ပွားခဲ့ခြင်း မရှိချေ။ မြိတ်ခရိုင် တနင်္သာရီမြို့နယ်အခြေစိုက် အမှတ် (၆) အမြောက်တပ်ရင်းက ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

ဇူလိုင်လ (၁၅) ရက်နေ့ နေ့လည်အချိန်တွင် မော်တုန်းကျေးရွာအုပ်စု၌ လက်နက်ကြီးကျည် (၇) လုံးခန့် ကျရောက်ပေါက်ကွဲခဲ့သည်။ ပထမဆုံးပေါက်ကွဲမှုမှာပင် ဒေါ်မီးငယ်သည် ဦးခေါင်း၊ ရင်ဘတ်နှင့် လက်မောင်းများတွင် ထိခိုက်ခဲ့သည်။

၎င်းနေ့မတိုင်ခင် (၂) ရက်အလို ဇူလိုင်လ (၁၃) ရက်နေ့တွင် တနင်္သာရီမြို့နယ်ရှိ သရဖုံနှင့် ပဝကျေးရွာများကို စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ ဒေသခံပြည်သူ (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဇွန်လနောက်ဆုံးအပတ်တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက “Voice Up” ကလေးနှင့်အမျိုးသမီးစာစဉ်ကို ထုတ်ဝေခဲ့ပြီး စစ်ကောင်စီက အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် သက်သေအထောက်အထားများကို ဖော်ပြခဲ့သည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ်က မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်ပြီး ထုတ်ဝေသည့် အစီရင်ခံစာတွင်လည်း အာဏာသိမ်းမှုကြောင့် အမျိုးသမီးနှင့် ကလေးသူငယ်များ ပိုမိုပစ်မှတ်ထားခံခဲ့ရကြောင်း ဖော်ပြထားသည်။ **“လိင်နဲ့ လိင်စိတ်ခံယူချက်အပေါ် ပစ်မှတ်ထားတဲ့ အကြမ်းဖက်မှုတွေဟာ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးတွေ မိန်းကလေးငယ်တွေနဲ့ LGBT အသိုင်းအဝိုင်းတွေအပေါ် အရိပ်မည်းလို လွှမ်းမိုးနေတယ်”** ဟု ဖော်ပြထားသည်။

အမျိုးသမီး၊ ကလေးသူငယ်နှင့် လူငယ်များအပေါ် ဆက်လက်ပစ်မှတ်ထား တိုက်ခိုက်နေခြင်းနှင့်ပတ်သက်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းက သိသာထင်ရှားသည့် စိုးရိမ်ပူပန်မှုများ ဖော်ပြသင့်သည်။

မြန်မာနိုင်ငံတွင် အဆိုပါအကြမ်းဖက်မှုများအတွက် တရားမျှတမှုများ ပြန်လည်ရှာဖွေရန် လမ်းကြောင်းမရှိသဖြင့် တရားမျှတမှု၊ တာဝန်ယူတာဝန်ခံမှုတို့ ပြန်လည်ရရှိရန်မှာ မဖြစ်နိုင်ချေ။

ဒေသခံအဖွဲ့အစည်းများက ပွင့်လင်းမြင်သာမှုရှိရှိ ပူးပေါင်းဆောင်ရွက်ကာ အဆုံးအဖြတ်ပေးနိုင်စွမ်းသည့် လုပ်ငန်းကိစ္စရပ်များကို ဖော်ဆောင်နိုင်မှသာ စစ်ကောင်စီကကျူးလွန်နေသော စစ်ရာဇဝတ်မှုများကို နိုင်ငံတကာ တရားဥပဒေခုံရုံးများတွင် အရေးယူနိုင်မည် ဖြစ်သည်။

## အစအနပျောက်ဆုံးခြင်းနှင့် မတရားဖမ်းဆီးခြင်းများ မြင့်တက်လာခြင်း

မတရားဖမ်းဆီးခြင်းနှင့် အစအနပျောက်ဆုံးခြင်းများသည် ပိုမိုဖြစ်ပွားလာသည်။ မတရားဖမ်းဆီးမှုများကြောင့် အကြောက်တရားများ ဖြစ်ပေါ်နေပြီး ဒေသခံပြည်သူများမှာ အသက်အန္တရာယ်စိုးရိမ်နေရခြင်းကြောင့် နေရပ်ပြန်နိုင်ခြင်း မရှိချေ။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အချက်အလက်များအရ အဆိုပါဖမ်းဆီးထားသူများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ၎င်းတို့ရင်းနှီးကျွမ်းဝင်ခြင်းမရှိသည့် နေရာများသို့ စစ်ကြောင်းထိုးရာတွင် လမ်းပြအဖြစ် ခေါ်ဆောင်သွားသည်။ ၎င်းနောက် အသက်သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ပစ်သတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲခမိကျေးရွာအုပ်စု ကလိန်ပဒေါ်ရွာသား ဦးမြတ်မင်းသည် ပျောက်ဆုံးနေသည်မှာ (၆) လကျော် ကြာမြင့်နေပြီ ဖြစ်သည်။ ၂၀၂၃ ဒီဇင်ဘာလ (၂၅)

ရက်နေ့ကတည်းက ပျောက်ဆုံးနေခြင်း ဖြစ်သည်။

ဦးမြတ်မင်းသည် အသက် (၃၈) နှစ်အရွယ် အမျိုးသား တစ်ဦး ဖြစ်ပြီး မကြာသေးမီကပင် လက်ထပ်ထားသူ ဖြစ်သည်။ ၎င်း၏ဇနီးဖြစ်သူနှင့်အတူ အလယ်စခန်း ကျေးရွာအုပ်စု ကုန်းမြင့်သာကျေးရွာအနီးရှိ ရာဘာစက်ရုံ ရှေ့တွင် အအေး၊ လက်ဖက်ရည်နှင့် မုန့်များကို ရောင်းချသည့် ဈေးဆိုင်ငယ်လေးတစ်ခု ဖွင့်လှစ်ထားသည်။

၎င်းပျောက်ဆုံးသည့်နေ့တွင် **"အပြင်မှာ ခဏတွေ့ရအောင်"** ဟူသော ဖုန်းခေါ်ဆိုမှုတစ်ခုကို လက်ခံရရှိခဲ့သည်ဟု ဆိုသည်။ ဖုန်းလက်ခံပြီးနောက် ချက်ချင်းပင် အပြင်ထွက်သွားခဲ့ပြီး နောက်ပိုင်းတွင် ၎င်းကို မမြင်တွေ့ရတော့ချေ။ ဇွန်လ (၂၈) ရက်နေ့အထိ သတင်းအစအန ပင် မရချေ။

**"သူက ဘာမှပြောမသွားဘူး။ အပြင်ထွက်ပြီးတော့ တစ်ခါတည်းပျောက်သွားတာ။ ခုတော့ တော်တော်ကြာနေပြီ။ သေသလား ရှင်သလားတောင် မသိဘူး"** ဟု ဆွေမျိုးနီးစပ်တစ်ဦးက ပြောသည်။

ဇွန်လ (၂၈) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ရေဖြူမြို့နယ် ဇာဒီကျေးရွာမှ ရေနက်ဆိပ်ကမ်းဘက်သို့ စစ်ကြောင်းထိုးလာစဉ် ဒေသခံပြည်သူ အနည်းဆုံး (၁၀) ဦးကို ဖမ်းခေါ်သွားသည်။ နောက်ပိုင်းတွင် ရွာသားတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့သည်။

ခွေးမဖောကျေးရွာအနီးတဝိုက်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေး လုပ်ဆောင်လေ့ရှိသည်။ ဥသြစစ်ကြောင်း၊ နဂါးနီတပ်ဖွဲ့နှင့် ရေဖြူမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့နှင့် ထိတွေ့မှု ဖြစ်ပွားလေ့ရှိသည်။

ဇွန်လ (၂၉) ရက်နေ့ ထိတွေ့မှုဖြစ်ပွားပြီးနောက် ကိုနိုင်နိုင်အမည်ရှိ အမျိုးသားတစ်ဦးကို ဖမ်းဆီးသွားသည်။ ဇူလိုင်လ (၁) ရက်နေ့တွင် စစ်ကောင်စီတပ်သားများက ၎င်းကို သတ်ဖြတ်ပစ်လိုက်သည်။ အဆိုပါအဖြစ်အပျက်ပြီးနောက် ဇာဒီကျေးရွာအုပ်စုမှ ဒေသခံပြည်သူများသည် ဘေးလွတ်လုံခြုံရာသို့ ထွက်ပြေးတိမ်းရှောင်သွားကြသည်။

ကိုနိုင်နိုင်ရုပ်အလောင်းကို ခေါင်ပြန်ကျေးရွာ သင်္ချိုင်းကုန်းအနီးရှိ ချောင်းတစ်ခုတွင် ပေါလောမျောနေသည်ကို ဇူလိုင်လ (၃) ရက်နေ့ နေ့လည်ပိုင်းအချိန်တွင် တွေ့ရှိခဲ့သည်။ ရုပ်အလောင်း၏ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာများ ရရှိထားပြီး နဖူးမှာလည်း ကွဲကြေနေသည်။ မျက်နှာတွင်လည်း ဒဏ်ရာများဖြင့် ပြည့်နှက်နေသဖြင့် ၎င်းသည် နှိပ်စက်ခံထားရကြောင်း ပေါ်လွင်နေသည်။ ရုပ်အလောင်းသည် ချောင်းအတွင်းရှိ သစ်ကိုင်းတစ်ခုတွင် ငြိတွယ်နေသဖြင့် ရေစီးဖြင့် မျောပါမသွားဘဲ ရွာသားများက တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသည် စစ်ကြောင်းများကို ရှောင်တိမ်းပုန်းခိုနေသည့် လယ်တောမှ ဝက်များကို အစာကျွေးပြီး ပြန်လာစဉ် ဇူလိုင်လ (၁) ရက်နေ့တွင် အခြားရွာသား (၁၀) ဦးနှင့်အတူ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

**"အလောင်းကို ရွာကို သယ်မလာနိုင်တော့ဘူး။ မြစ်ကမ်းနံဘေးမှာပဲ ချက်ချင်းသင်္ဂြိုဟ်လိုက်ရတယ်။ သူ့အမျိုးသမီးတောင် အလောင်းကို မတွေ့လိုက်ရဘူး။ စစ်ကောင်စီတပ်ကတော့ ဇာဒီမှာ တပ်စွဲထားတုန်းပဲ"** ဟု ခေါင်ပြန်ရွာသားတစ်ဦးက ပြောသည်။

ရေဖြူမြို့နယ် ခရင်းချောင်းကျေးရွာ ဘုရားမော်အနီး ကျောက်မိုင်းတွင် ရွာသား (၅) ဦး အသတ်ခံလိုက်ရကြောင်း ဒေသခံများက ပြောသည်။

**"တရုတ်ဆိုဒ်(ကျောက်မိုင်း)မှာ အလောင်း (၅) လောင်းတွေ့တယ်လို့ ပြောတယ်။ ဘယ်သူမှတော့ သွားမကြည့်ရဲဘူး"** ဟု ဒေသခံတစ်ဦးက ပြောသည်။ ရွာသား (၅) အသတ်ခံရကြောင်း ဇူလိုင်လ (၁) ရက်နေ့တွင် သတင်းထွက်ပေါ်နေပြီး အတည်ပြုနိုင်ရန် စုံစမ်းနေဆဲ ဖြစ်သည်။ ဖမ်းဆီးခံရသူရွာသား (၁၀) ဦးသည် အသက် (၁၄) နှစ်မှ အသက် (၆၀) ကျော်ကြားရှိ အရွယ်များဖြစ်ကြသည်။

## ဇူလိုင်လ ၂၀၂၄

ဇွန်လ (၂၈) ရက်နေ့ ခွေးမဖောရွာအဝင်လမ်းတွင် ထိတွေ့မှုဖြစ်ပွားပြီးနောက် ရေဖြူမြို့နယ် ဇာဒီကျေးရွာမှ စစ်ကောင်စီတပ်သားများသည် ဇူလိုင်လ (၃) ရက်နေ့တွင် ရေနက်ဆိပ်ကမ်းဒေသ ဘဝါကျေးရွာတွင် အင်အားလာ ရောက်ပူးပေါင်းကြသည်။

ကားလမ်းဘေးတလျှောက်ရှိ ဇာဒီ၊ ခေါင်ပြန်နှင့် ဒိုက်တကော် ကျေးရွာများမှ နေအိမ်များကို စစ်ကောင်စီတပ်သားများက ဖောက်ထွင်းလုယက်ကြသည်။ ဇာဒီကျေးရွာတွင် ကျန်ရစ်ခဲ့ သည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ရွာသားများကို ဖမ်းဆီး သတ်ဖြတ်နေသဖြင့် ဒေသခံပြည်သူများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးနေရသည်။

အနည်းဆုံး ရွာသား (၁၃) ဦး အဖမ်းခံခဲ့ရပြီး တချို့မှာ သတ်ဖြတ်ခံရကာ တချို့မှာ ရေဖြူမြို့နယ်တွင် ပျောက်ဆုံးနေ ကြသည်။

ဇူလိုင်လ ဒုတိယအပတ်တွင် စစ်ကောင်စီတပ်သားများ ရေဖြူမြို့နယ်သို့ ဝင်ရောက်လာပြီး ဒေသခံရွာသားများ ကို ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ ပျောက်ဆုံးနေသူများလည်း အများအပြားပင် ရှိနေသည်။

ကံပေါက်ဒေသ ထားဝယ်အထူးစီးပွားရေးဇုန် ဇာဒီ ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများသည် မတရားဖမ်းဆီးခံရ ပြီးနောက် မကြာမီပင် သတ်ဖြတ်ခံလိုက်ရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်ဒေသတွင် ဖမ်းဆီးသတ်ဖြတ်မှု များအပြင် ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများလည်း ရှိသည်။

ဇူလိုင်လ (၁) ရက်နေ့တွင် ခမောင်းချောင်းကျေးရွာမှ အသက် (၂၀) အရွယ် လူငယ်တစ်ဦးကို ထားဝယ်စီးပွားရေး ဇုန်ကို စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်သားများ က ဖမ်းဆီးခဲ့သည်။ ဇူလိုင်လ (၇) ရက်နေ့အထိ ပြန်လည် လွှတ်ပေးခြင်းမရှိဘဲ စစ်ကောင်စီစစ်ကြောင်းတွင် စစ်ဝတ်စုံ ဖြင့် လိုက်ပါသွားရကြောင်း မြင်တွေ့သူများ ရှိနေသည်။

ဇူလိုင်လ (၅) ရက်နေ့တွင် မူးဒူးကျေးရွာမှ အမျိုးသား (၆) ဦး ကို စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပြန်သည်။ ၎င်းတို့သည် မည်သည့်နေရာတွင် ရှိနေသည်ကို မသိရှိရချေ။ စစ်ကောင်စီ တပ်သားများသည် ဇာဒီ၊ ပယ၊ ပုဂေါဇွန်းနှင့် ညောင်ပင်ဆိပ် ကျေးရွာများတွင် တည်ရှိနေပြီး ရေဖြူမြို့နယ်နှင့် ထားဝယ် အထူးစီးပွားရေးဇုန်အကြား လှုပ်ရှားနေကြသည်။

ဇူလိုင်လ (၉) ရက်နေ့ မနက်တွင် စက်ဘီးစီးလာသည့်လူငယ် တစ်ဦးကို စစ်ကောင်စီတပ်ဖွဲ့များက အုတ်တံတားလမ်းဆုံ တွင် ရပ်တန့်တားဆီးခဲ့သည်။ ၎င်း၏လက်ကိုင်ဖုန်းကို စစ်ဆေးပြီးနောက် ဖမ်းဆီးခဲ့သည်။

ဇူလိုင်လ (၁၂) ရက်နေ့ ည (၁၀) နာရီတွင် မြောင်းပုလဲ ရပ်ကွက်မှ အမျိုးသား (၂) ဦး၊ ကျောက်မော်ရပ်ကွက်မှ အမျိုးသား (၁) ဦး၊ ကြက်စာပြင်ရပ်ကွက်မှ အခြားအမျိုးသား (၁) ဦးနှင့် ဒေါင်းငူရပ်ကွက်မှ အမျိုးသား အများအပြားကို ၎င်း တို့၏နေအိမ်တွင်ပင် စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

**"စစ်သားတွေ ရဲတွေက စစ်ကား (၁၀) စီးနဲ့ ရောက်လာတာ။ မြောင်းပုလဲရပ်ကွက်က အိမ်တစ်အိမ်ကို ဝိုင်းပြီး အထဲကလူ တွေကို ဖမ်းသွားတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

လူငယ် (၁) ဦးနှင့် သက်ကြီးပိုင်းအမျိုးသား (၁) ဦးကို ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်သွယ်သည်ဟုဆိုကာ ဖမ်းဆီး ခေါ်ဆောင်သွားသည်။ သားဖြစ်သူကို မတွေ့သဖြင့် သက်ကြီး ပိုင်းအမျိုးသားကို ဖမ်းဆီးသွားခြင်း ဖြစ်သည်။ ဝင်ရောက် ဖမ်းဆီးချိန်တွင် ၎င်း၏ဇနီးဖြစ်သူကို ရိုက်နှက်သွားခဲ့သည်။

ဖမ်းဆီးသွားသူများအနက်မှ (၂) ဦးကို ဇူလိုင် (၁၀) ရက်နေ့ နှင့် (၁၁) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သည်။ ကျောက် မော်ရပ်ကွက်တွင် ဖမ်းဆီးသွားသည့် လူငယ်အမျိုးသား၊ အုတ်တံတားလမ်းဆုံတွင် ဖမ်းဆီးသွားသည့် လူငယ် အမျိုးသား၊ ကြက်စာပြင်ရပ်ကွက်တွင် ဖမ်းဆီးသွားသ ည့် အမျိုးသားနှင့် ဒေါင်းငူရပ်ကွက်တွင် ဖမ်းဆီးသွားသည့် အမျိုးသားများကိုမူ ဇူလိုင်လ (၁၃) ရက်နေ့အထိ ပြန်လည် လွှတ်ပေးခြင်း မရှိချေ။

ဇွန်လလယ်ပိုင်းတွင် လုံခြုံရေးတင်းကြပ်ထားသည့်ကြား ကပင် ထားဝယ်မြို့လယ်ရှိ အုတ်တံတားလမ်းဆုံကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဒေါင်းညီနောင်စစ်ကြောင်းက မိုင်းခွဲခဲ့သည်။

မိုင်းပေါက်ကွဲပြီးနောက် စစ်ကောင်စီတပ်က လုံခြုံရေး ပိုမိုတင်းကြပ်လာပြီး ကင်းလှည့်ခြင်းများ မကြာခဏ ပြုလုပ်လာသည်။ စစ်ကောင်စီက ထိန်းချုပ်ထားသည့် ဌာနဆိုင်ရာရုံးများတွင်လည်း လုံခြုံရေး ပိုမိုတင်းကြပ်လာသည်။

လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်းကြောင့် စစ်ရှောင်ပြည်သူဦးရေ ပိုမိုများပြားလာပြီး လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းများ ပိုမိုဆိုးရွားလာခြင်း

စစ်ကောင်စီက ရမ်းသမ်းပစ်ခတ်အကြမ်းဖက်နေခြင်းက ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်နေသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပျားတောင်ဒေသမှ ဒေသခံပြည်သူ (၃,၀၀၀) ကျော်သည် ဇွန်လ (၂၇) ရက်နေ့ကတည်းက စတင်ခဲ့သည့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ စံပယ်ဂူဘုန်းတော်ကြီးကျောင်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် နေ့စဉ်ရက်ဆက် ပစ်ခတ်နေခြင်း ဖြစ်သည်။

ကော့ဒွန်း၊ ကော့ပနော့၊ ကော့ဝမ်း၊ ဝယ်ငဲ့၊ ကွမ်ငန်း၊ မယ်ကရိုးနှင့် ကဒ့်စိကျေးရွာများကို ပစ်မှတ်ထားတိုက်ခိုက်နေပြီး ဒေသခံပြည်သူအများအပြား ထွက်ပြေးတိမ်းရှောင်နေရသည်။

**“စစ်ဆေးရေးဂိတ်တွေရှိလို့ ကော့ဒွန်းနှင့် ကော့ပနော့ ကျေးရွာတွေကို အဓိကပစ်မှတ်ထားတာ။ စစ်ရေးလှုပ်ရှားမှုတွေ များလာသလို လေကြောင်းကင်းထောက်မှုတွေလည်း များလာတော့ ရွာသားတွေက ဖုံးကြဲခံရမှာကြောက်ပြီး အကုန်ထွက်ပြေးရတယ်။ တချို့ဆို အိမ်စောင့်လောက်ပဲ ချန်ပြီး ပြောင်းသွားကြပြီ”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုနှစ်မတ်လအတွင်း ဒေသခံပြည်သူအမြောက်အမြား အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ယနေ့အချိန်အထိ နေရပ်မပြန်နိုင်သေးချေ။

လက်နက်ကြီးကျည်များလည်း ကျေးရွာအနီးအနားတွင် ကျရောက်ပေါက်ကွဲနေသော် ထိခိုက်ပျက်စီးသေဆုံးမှုများကို မသိရှိရသေးချေ။ စစ်ဘေးရှောင်ပြည်သူများသည် မော်လမြိုင်၊ ကျိုက်မရောမြို့ပေါ်နှင့် အနီးအနားကျေးရွာများရှိ ဥယျာဉ်ခြံနှင့် လယ်ကွင်းများတွင် ခိုလှုံနေရပြီး တချို့မှာ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားကြသည်။

ဇွန်လကုန်တွင် စစ်ကောင်စီက စစ်ကား (၂) စီးဖြင့် အင်အားဖြည့်တင်းလာပြီး တရနာနှင့် အလုပ်ကုန်းကျေးရွာများတွင် ဝင်ရောက်တပ်စွဲလိုက်သဖြင့် အခြေအနေများမှာ ပိုမိုဆိုးရွားသွားသည်။

အခြားရက်စက်သည့်တိုက်ခိုက်မှုတစ်ခုသည် ဇူလိုင်လ (၂၀) ရက်နေ့တွင် ဖြစ်ပွားခဲ့သည်။ တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု အကြောင်းမဲ့ပြုလုပ်ခဲ့ရာ ဒေသခံပြည်သူ (၁) ဦး သေဆုံးခဲ့သည်။

သေဆုံးသူမှာ ညောင်ဇင်ကျေးရွာမြောက်ပိုင်းမှ အသက် (၆၀) အရွယ် ဦးမျိုးလွင် ဖြစ်သည်။ သူ၏အိမ်နောက်ဖေးရှိ လယ်ကွင်းတွင် နွားများကို အစာကျွေးရင်း လက်နက်ကြီးကျည်ထိမှန်ခဲ့သည်။ ဝမ်းဗိုက်တွင် ဒဏ်ရာရပြီး ပွဲချင်းပြီး သေဆုံးခဲ့သည်။

**စစ်ကောင်စီ၏အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားများကို နှိပ်စက်ခြင်း၊ အကြမ်းဖက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေခြင်း**

စစ်ကောင်စီကထိန်းချုပ်ထားသည့် အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားများသည် ဖော်မပြနိုင်သော

ရက်စက်ယုတ်မာမှုများကို ကြုံတွေ့နေရသည်။ ရက်စက်ယုတ်မာသူ ထောင်အာဏာပိုင်များနှင့် ထောင်ဝန်ထမ်းများကို အရေးယူတားဆီးနိုင်ရန်လည်း နည်းလမ်းမရှိချေ။

ဇွန်လ (၂၅) ရက်နေ့တွင် ကျိုက်မရောဗဟိုအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား (၅) ဦးကို ထောင်အာဏာပိုင်များက ရက်ရက်စက်စက် ရိုက်နှက်ခဲ့ပြီး တိုက်ပိတ်ထားခဲ့သည်။

ကိုလွင်မော်အောင်၊ ကိုအောင်ဇော်မင်း၊ ကိုညီညီ၊ ကိုဇာနည်အောင်နှင့် ကိုနန္ဒလင်းအောင်တို့ကို အကျဉ်းထောင်တွင် လက်ကိုင်ဖုန်းသုံးစွဲသည်ဟု စွပ်စွဲသည်။ ထောင်ဦးစီးမှူးကျော်ဇင်အောင်နှင့် ထောင်ဝန်ထမ်းအယောက် (၂၀) ခန့်က ၎င်းတို့ကို ညအချိန် လာရောက်ဖမ်းဆီးခေါ်ဆောင်သွားသည်။ ၎င်းတို့ကို နံပါတ်တုတ်များဖြင့် ရိုက်နှက်ကာ လေးခွများဖြင့် ပစ်ခတ်ခဲ့သည်။

**“လာခေါ်တဲ့အချိန်မှာ အကျဉ်းဦးစီးဌာနက ခိုင်လုံတဲ့အကြောင်းပြချက် မပေးဘဲ အတင်းဆွဲခေါ်သွားတာ။ အခုချိန်ထိ တိုက်ပိတ်ထားပြီး ပါဆယ်ပို့ခွင့်၊ ဧည့်တွေ့ခွင့် ပိတ်ခံထားရတယ်”** ဟု နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက ပြောသည်။

အဆိုပါအကျဉ်းသား (၅) ဦးကို ပုဒ်မ (၆၁) နှင့် ပုဒ်မ (၂၂၄) တို့ဖြင့် မတရား,တရားစွဲဆိုထားကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (PPNM) က ထုတ်ပြန်ထားသည်။

## အကြမ်းဖက်မှုများအတွက် တာဝန်ယူတာဝန်ခံစေရန် အချိန်လင့်နေပြီ

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းအပါအဝင် တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေသည့် စနစ်ကျစွာလုပ်ဆောင်နေသော အကြမ်းဖက်မှုများကြောင့် ပဋိပက္ခနယ်မြေတွင် နေထိုင်နေရသည့်ပြည်သူများသည် စိုးရိမ်ထိတ်လန့်မှုများနှင့် စိတ်ဒဏ်ရာများကို ထိခိုက်ခံစားနေရသည်။ ပြည်သူများက အသက်ရှင်သန်ရန်အတွက် ကြိုးစားရုန်းကန်နေရချိန်တွင် ဖိနှိပ်ကြမ်းကြုတ်သည့်စစ်ကောင်စီက ၎င်းတို့၏အကြမ်းဖက်မှုကို **“မသိချင်ယောင် မမြင်ချင်ယောင်ဆောင်နေသည့်”** ASEAN ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်နေသည်။ တရားမဝင်စစ်ကောင်စီက ကျူးလွန်နေသည့် အကြမ်းဖက်မှုများကို ကမ္ဘာက သိမြင်ရမည်ဖြစ်သည့်အပြင် ကိုင်တွယ်ဖြေရှင်းရမည်လည်း ဖြစ်သည်။ မည်သူမဆို တရားဥပဒေကို လိုက်နာရမည် ဖြစ်သည်။

“ လာခေါ်တဲ့အချိန်မှာ အကျဉ်းဦးစီးဌာနက ခိုင်လုံတဲ့အကြောင်းပြချက် မပေးဘဲ အတင်းဆွဲခေါ်သွားတာ။ အခုချိန်ထိ တိုက်ပိတ်ထားပြီး ပါဆယ်ပို့ခွင့်၊ ဧည့်တွေ့ခွင့် ပိတ်ခံထားရတယ် ”

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၄ ဇူလိုင်လအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၀၇) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၅၂) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၁၁၀) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၅၈) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂၀၂၄ ဇူလိုင်လတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဇူလိုင်လ ၂၀၂၄




**6+**

**စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ**

# 8

## ၂၀၂၄ ဇူလိုင်လတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

**4**
တနင်္သာရီတိုင်းဒေသကြီး

**3**
မွန်ပြည်နယ်

**1**
ကရင်ပြည်နယ်

**၇၅,၀၀၀+**

**စီမံကိန်းဧရိယာအတွင်းရှိ ထပ်မံတိုးပွားလာသည့်စစ်ဘေးရှောင်ပြည်သူဦးရေ**

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

**4+**
အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) ပြုလုပ်မှုကြောင့် ထောင်ဒဏ်ကျခံခဲ့ရသူဦးရေ

**3+**
စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ

**17+**
စစ်ကောင်စီက အစအနဖျောက် လိုက်သည့် ပြည်သူများဦးရေ

# 14+

စစ်ကောင်စီတပ်က ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုအရေအတွက်

# 120+

မီးရှို့ခံခဲ့ရသည့်
လူနေအိမ်အရေအတွက်



# 15+

မတရားဖမ်းဆီးသိမ်းယူခဲ့သော လက်ကိုင်ဖုန်းအရေအတွက်

# 6+

မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ် အရေအတွက်

# 20+

စစ်ကောင်စီကသိမ်းယူခဲ့သော မော်တော်ယာဉ်အရေအတွက်

# 17+

ထားဝယ်အထူးစီးပွားရေးဇုန်မှ အမျိုးသားဒေသခံများသည် မတရားဖမ်းဆီးခံခဲ့ရပြီး ၎င်းတို့ကို စစ်ကောင်စီတပ်က အစအန ပျောက်လိုက်သည်။

# 85+

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာတွင် စစ်ကောင်စီတပ်ရင်း အနည်းဆုံး (၆) တပ်ရင်းက ကျူးလွန်ခဲ့သည့် ငွေကြေးအတင်းအဓမ္မတောင်းခံခြင်း ဖြစ်စဉ်အရေအတွက်

## ကရင်ပြည်နယ်

- IDP 32,000 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 40 ဦးခန့်
- သေဆုံးသူ 20 ဦးခန့်

## မွန်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

၂၀၂၄ ဇန်နဝါရီလမှ ဇွန်လအထိ ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်နယ်မြေရှိ ဒေသခံပြည်သူများ (၁၃၀) ကျော်ကို စစ်ကောင်စီတပ်က သတ်ဖြတ်ခဲ့ကြောင်း ကရင်အမျိုးသားအစည်းအရုံးဗဟိုကော်မတီက ထုတ်ပြန်သည်။

စစ်ကောင်စီတပ်သားများက (၆) လတာကာလအတွင်း ကော်သူလေးအုပ်ချုပ်မှုဒေသ၌ လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း (၂,၃၀၀) ကျော်ကို ကျူးလွန်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှု၊ ဒရုန်းဖြင့်တိုက်ခိုက်မှု၊ ဗုံးကြဲမှုနှင့် မြေမြှုပ်မိုင်းထောင်မှုတို့ကို ကျူးလွန်ခဲ့ပြီး နေအိမ်အလုံး (၁,၀၀၀) ကျော် ထိခိုက်ပျက်စီးခဲ့သည်။

ဒေသခံပြည်သူအနည်းဆုံး (၁၃၄) ဦး သတ်ဖြတ်ခံခဲ့ရပြီး (၄၃၉) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒေသခံ (၁၀၀) ကျော် ဖမ်းဆီးခံခဲ့ရပြီး ဒါဇင်ပေါင်းများစွာသည် “ပေါ်တာဆွဲ” ခံရကာ စစ်ကောင်စီစစ်ကြောင်းများတွင် အထမ်းသမားများအဖြစ် လုပ်ကိုင်ခဲ့ရသည်။

၎င်းပြင် စစ်ကောင်စီတပ်က ဘုန်းတော်ကြီးကျောင်း (၂၃) ကျောင်း၊ စာသင်ကျောင်း (၁၄) ကျောင်း၊ ဆေးပေးခန်း (၂) ခုနှင့် ဆေးရုံ (၂) ခုတို့အပြင် နေအိမ် (၁,၀၂၄) လုံးကို လေကြောင်းတိုက်ခိုက်မှု၊ ဒရုန်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့ဖြင့် ဖျက်ဆီးခဲ့သည်။

စစ်အုပ်ချုပ်မှုကာလအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက ရည်ရွယ်ချက်ရှိရှိကျူးလွန်သော ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုများကြောင့် လူ (၁) သန်းကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရကြောင်း ကရင်အမျိုးသားအစည်းအရုံး ဗဟိုကော်မတီက ထုတ်ပြန်သည်။

ကရင်အမျိုးသားအစည်းအရုံး၏ ကော်သူလေးအုပ်ချုပ်မှုဒေသများတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် မဟာမိတ်တော်လှန်ရေးအင်အားစု ပူးပေါင်းတပ်တို့အကြား တိုက်ပွဲပေါင်း (၁,၈၂၇) ကြိမ် ဖြစ်ပွားခဲ့သည်။

တိုက်ပွဲများအတွင်း စစ်ကောင်စီတပ်သား (၁,၉၀၃) ဦး သေဆုံးခဲ့ပြီး (၁၂,၂၇၅) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ မဟာမိတ်ပူးပေါင်းတပ်ဘက်မှ တပ်ဖွဲ့ဝင် (၈၁) ဦး ကျဆုံးခဲ့ပြီး (၂၉၈) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**“လက်နက်ကိုင်တပ်ဖွဲ့တိုင်း ပြည်သူလူထုကို ကာကွယ်ပေးဖို့ တာဝန်ရှိတယ်။ ဒါပေမဲ့ ဗမာစစ်တပ်ကတော့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ရည်ရွယ်ချက်ရှိရှိနဲ့ ပေါ်ပေါ်ထင်ထင် ဖျက်ဆီးနေတယ်”** ဟု သထုံခရိုင် ကရင်အမျိုးသားအစည်းအရုံး ပြောရေးဆိုခွင့်ရှိသူ ဗဒိုစောအေးနိုင်က ပြောသည်။

ပဲခူတိုင်း ကျောက်ကြီးမြို့နယ် တပ်မဟာ (၃) မှ မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုတို့ကြောင့် ဇွန်လအတွင်း ပြည်သူ (၁၆) ဦး သေဆုံးခဲ့သည်။ ပဲခူးတိုင်း ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ်သည် ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၃) ထိန်းချုပ်မှုအောက်တွင် ရှိသည်။

လူ့အခွင့်အရေးကွန်ရက်များကလည်း ကျောက်ကြီးမြို့နယ်တွင် အခြေစိုက်သည့် အမှတ် (၂၆၄) (၆၀) (၃၀၇) နှင့် (၂၀) ခြေမြန်ခြေလျင်တပ်ရင်းများသည် လက်နက်ကြီးအလုံးပေါင်း (၁၅၀) ကျော် ပစ်ခတ်ခဲ့ပြီး တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်သေဆုံးခဲ့ကြောင်း ဖော်ပြကြသည်။

**"ဒီလတွေထဲမှာ စစ်ကောင်စီတပ်က လက်နက်ကြီးနဲ့ လေကြောင်းတိုက်ခိုက်မှုအပေါ်မှာပဲ မှီခိုနေတယ်။ စစ်တောင်းမြစ်အနောက်ဘက်ကမ်းမှာရှိတဲ့ရွာတွေက လက်နက်ကြီးနဲ့ ဖုံးကြဲတိုက်ခိုက်မှုတွေကြောင့် ထွက်ပြေးတိမ်းရှောင်နေရတယ်။ ဒရုန်းတွေ လက်နက်ကြီးတွေ တိုက်လေယာဉ်တွေကို တော်တော်လေးအသုံးပြုလာတယ်"** ဟု တပ်မဟာ (၃) မှ မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ကရင်အမျိုးသားအစည်းအရုံးမှရရှိသည့် အချက်အလက်များအရလည်း စောထိမြို့နယ် ကုန်းမြင့်သာယာကျေးရွာတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ တပ်စွဲထားသဖြင့် ကရင်အမျိုးသားအစည်းအရုံးနှင့် မဟာမိတ်တပ်ဖွဲ့ဝင်များတို့နှင့် စစ်ရေးတင်းမာလျက်ရှိကြောင်း သိရသည်။

လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာ (၈) ရွာမှ ဒေသခံပြည်သူများနှင့် စစ်တောင်းမြစ်အနောက်ဘက်ကမ်းရှိ ပြည်သူများ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း ၂၀၂၄ မေလကုန်အထိ ညောင်လေးပင်ခရိုင်မှ ဒေသခံပြည်သူအယောက် (၅၀,၀၀၀) ကျော်သည် စစ်ကောင်စီတပ်၏ ထိုးစစ်ဆင်မှုများကြောင်း ထွက်ပြေးတိမ်းရှောင်နေရသည်။

ရွာသား အနည်းဆုံး (၁၀) ဦး ဖမ်းဆီးခံခဲ့ရပြီး ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၁) ထိန်းချုပ်နယ်မြေဖြစ်သည့် သထုံခရိုင် ကျိုက်ထိုမြို့နယ်သို့ စစ်ကြောင်းထိုးရာတွင် လူသားဒိုင်းအဖြစ် အသုံးပြုခံခဲ့ရသည်။

ဇူလိုင်လ (၁၈) ရက်နေ့တွင် အင်အား (၂၀၀) ကျော်ပါ စစ်ကြောင်းသည် ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်ရာ ကျိုက်ထိုမြို့နယ်ရှိ ကျေးရွာများကို နယ်မြေရှင်းလင်းရေးဟုဆိုကာ စစ်ကြောင်းထိုးဝင်ရောက်ခဲ့သည်။

စစ်ကောင်စီတပ်သားများက တစ်ရွာမှတစ်ရွာ ဝင်ထွက်လှုပ်ရှားနေပြီး လမ်းတွင်တွေ့သည့် ဇီးပြောင်နှင့် ပိန္နဲကုန်း ရွာသားများကို ဖမ်းဆီးခေါ်ဆောင်သွားကာ လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။

**"စစ်ကြောင်းတလျှောက် တွေ့တဲ့သူကို အကုန်ဖမ်းသွားတာပဲ"** ဟု ပိန္နဲကုန်းဒေသခံတစ်ဦးက ပြောသည်။

မွန်ပြည်နယ် သိမ်ဇရပ်မြို့ ရွာလေးကျေးရွာတွင် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ဇူလိုင်လ (၂၂) ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပူးပေါင်းတပ်တို့က သိမ်ဇရပ်မြို့မရဲစခန်းကို ၄၀မမ လက်နက်ကြီး (၆) လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

တိုက်ခိုက်မှုအပြီး (၅) မိနစ်အကြာတွင် သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက အနီးအနားကျေးရွာများကို လက်နက်ကြီး အနည်းဆုံး (၅) လုံးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။

လက်နက်ကြီးကျည်တစ်လုံးသည် ရွာလေးကျေးရွာရှိ အသက် (၄၇) နှစ်အရွယ် ဦးလင်းစစ်သူ၏ နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။

**"ရဲစခန်းအတိုက်ခံရပြီး ခဏအကြာမှာပဲ လက်နက်ကြီးသံတွေ ဆက်တိုက်ကြားရတယ်။ ဆုံးသွားတဲ့အမျိုးသမီးဆိုရင် ကိုယ်ဝန် (၄) လ ရှိပြီ။ သူ့အမျိုးသားကတော့ ပွဲချင်းပြီးပဲ"** ဟု ရွာလေးဒေသခံတစ်ဦးက ပြောသည်။

လက်နက်ကြီးပေါက်ကွဲမှုကြောင့် အနီးအနားရှိ အသက် (၄၁) နှစ်အရွယ် ဒေါ်ရင်ဝေလွင်သည်လည်း ဦးခေါင်းတွင် ကျည်စထိမှန်ဒဏ်ရာရခဲ့သည်။ ၎င်းကို သိမ်ဇရပ်ဆေးရုံတွင် ဆေးကုသမှုပေးနေသည်။

တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသဖြင့် သိမ်ဇရပ်ဒေသခံပြည်သူများသည် စစ်ကောင်စီ၏ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှု၏ သားကောင်များ ဖြစ်နေရသည်။

စစ်ကောင်စီ၏အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ သေဆုံးမှုများ အများအပြား ဖြစ်ပွားခဲ့ပြီး အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများသည်လည်း နေရာအနှံ့ ဖြစ်ပွားလျက်ရှိသည်။

## မွန်ပြည်နယ်

- IDP 19,500 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 35 ဦးခန့်
- သေဆုံးသူ 18 ဦးခန့်

## ကရင်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ကလေးသူငယ်အပါအဝင် ဒေသခံပြည်သူ (၅) ဦး ထိခိုက်ခဲ့သည်။ ဇူလိုင်လ (၆) ရက်နေ့ ညနေ (၃) နာရီခွဲတွင် တကေးချောင်းကျေးရွာ မောင်သူကုန်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က ကျိုက်ထိုမြို့နယ် ငှက်ပျောတောကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။

လက်နက်ကြီးကျည်တစ်လုံးသည် ငှက်ပျောတောကျေးရွာ ဇီးကုန်းအပိုင်းကို ထိမှန်ခဲ့ပြီး အသက် (၈) နှစ်အရွယ် ကလေးငယ် (၁) ဦးအပါအဝင် ဒေသခံပြည်သူ (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

**“လက်နက်ကြီးက ရာဘာခြံအနီးကို ကျတာ။ ဒဏ်ရာရတာကတော့ အလုပ်သမားမိသားစုတွေနဲ့ အစေးကောက်တဲ့ကလေးတွေပဲ။ ဒဏ်ရာက သိပ်မပြင်းတာပဲ ကံကောင်းတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

အသက် (၈) နှစ်အရွယ် အောင်သဲဖြူ၊ အသက် (၁၁) နှစ်အရွယ် ချစ်မင်းခန့်နှင့် အသက် (၅၂) အရွယ် ဒေါ်ခင်သက်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တော်လှန်ရေးအင်အားစုများ လှုပ်ရှားနေသည်ဟုဆိုကာ ငှက်ပျောတောကျေးရွာကို စစ်ကောင်စီက လက်နက်ကြီးဖြင့် မကြာခဏပစ်ခတ်လေ့ရှိကြောင်း ဒေသခံများက ပြောသည်။ ဇွန်လ (၄) ရက်နေ့ညတွင် တကေးချောင်းတွင်တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ငှက်ပျောတောကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် အမျိုးသား (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် (၂) လုံး ပျက်စီးခဲ့သည်။ နွား (၂) ကောင်လည်း လက်နက်ကြီးထိမှန်ခဲ့သည်။

မြေပြင်သတင်းပေးပို့ချက်များအရ ဇွန်လတစ်လတည်းတွင်ပင် လက်နက်ကြီးပေါက်ကွဲမှု၊ မြေမြှုပ်မိုင်းပေါက်ကွဲခြင်းနှင့် နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးများကြောင့် ကျိုက်ထိုမြို့နယ်တွင် အရပ်သားပြည်သူ (၁၀) ဦးအနည်းဆုံး သေဆုံးခဲ့ပြီး (၂၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စစ်ဘေးရှောင်ပြည်သူများသည်လည်း စားဝတ်နေရေးအတွက် ရုန်းကန်နေကြရသည်။ တချို့စစ်ဘေးရှောင်များသည် စိုက်ပျိုးထားသည့်ကောက်ပဲသီးနှံများကို ပြန်လည်ကြည့်ရှုနေရသည်။ သို့သော် အဆိုပါဒေသတွင် ကင်းလှည့်နေသည့် စစ်ကောင်စီတပ်သားများက အရပ်သားပြည်သူများကို ကြိုတင်သတိပေးခြင်းမရှိဘဲ သေနတ်ဖြင့်ပစ်ခတ်နေသည်။

**“သူက ခြံထွက်ကွမ်းသီးတွေ သယ်ပြီး ဆိုင်ကယ်နဲ့ ပြန်လာတဲ့အချိန်မှာ လမ်းပေါ်မှာ အပစ်ခံလိုက်ရတာ”** ဒေသခံတစ်ဦးက ပြောသည်။

အသက် (၅၈) နှစ်အရွယ် အာယုတောင်ရွာသား ဦးနိုင်ဝင်းသည် ဇူလိုင်လ (၈) ရက်နေ့တွင် ၎င်း၏ကွမ်းသီးခြံမှ ပြန်လာစဉ် ပစ်သတ်ခံခဲ့ရသည်။ သေနတ်ဒဏ်ရာအနည်းဆုံး (၅) ချက်ဖြင့် ပွဲချင်းပြီးသေဆုံးခဲ့ခြင်း ဖြစ်သည်။

အာယုတောင်ကျေးရွာအနီးတဝိုက်တွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုတို့ တိုက်ပွဲမကြာခဏဖြစ်ပွားလေ့ရှိသည်။

၎င်းပြင် စစ်ကောင်စီတပ်က ကင်းပုန်းဝပ်တိုက်ခိုက်လေ့ရှိသဖြင့် အဆိုပါလမ်းပိုင်းကို အသုံးပြုသွားလာနေသည့် ဒေသခံပြည်သူများ မကြာခဏပစ်ခတ်ခံနေရသည်။

ဇူလိုင်လ (၁၅) ရက်နေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စခန်းကြီးကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဒေသခံ ပြည်သူများ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ တိုက်ပွဲအတွင်း နှစ်ဖက်ထိခိုက်သေဆုံးမှုရှိကြောင်း သိရသည်။

တိုက်ပွဲသည် နေ့လည်အချိန်တွင် ဖြစ်ပွားခဲ့ပြီး မိနစ် (၂၀) နီးပါး ကြာမြင့်ခဲ့သည်။ စစ်ကောင်စီတပ်က အင်အား (၁၀၀) ကျော်ဖြင့် စစ်ကြောင်းထိုးလာသဖြင့် တိုက်ပွဲဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အဆိုပါတိုက်ပွဲမတိုင်ခင်တွင် စစ်ကြောင်းထိုး သည့်သတင်းများကို လိုက်လံရယူနေသည့် တောင်ညို စစ်ကြောင်းမှ ဆက်သားတစ်ဦး ဖမ်းဆီးသတ်ဖြတ်ခံခဲ့ရ သည်။

တိုက်ပွဲတွင် စစ်ကောင်စီတပ်သား (၃) ဦး သေဆုံးပြီး (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။ တိုက်ပွဲပြီး နောက် စစ်ကောင်စီတပ်က စခမ်းကြီးနှင့် သတ္တောကျေးရွာ များသို့ ဦးတည်ချီတက်သွားကြသဖြင့် ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်ရပြန်သည်။

**“စခန်းကြီးရွာသားတွေကတော့ ပြေးပြီ။ သတ္တောကျေးရွာ က တချို့တွေလည်း ထွက်ပြေးနေကြတယ်”** ဟု သံဖြူဇရပ် မှ ဒေသခံတစ်ဦးက ပြောသည်။

ဇူလိုင်လဆန်းပိုင်းမှစ၍ တော်လှန်ရေးအင်အားစုများ လှုပ်ရှားနေသည့် သံဖြူဇရပ်မြို့နယ်ရှိ ကျေးရွာများကို “နယ်မြေရှင်းလင်းရေး” ဟုဆိုကာ စစ်ကောင်စီတပ်က စစ်ကြောင်းထိုးနေသည်။

လေကြောင်းတိုက်ခိုက်မှုသည် ရှောင်တိမ်းရန် ခက်ခဲသ ဖြင့် ပြည်သူများသည် လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးကြရသည်။ ၎င်းပြင် တိုက်ပွဲမရှိသော်လည်း စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုများကို ပြုလုပ်နေ ခြင်းဖြစ်သည်။

ဇူလိုင်လ (၁၉) ရက်နေ့ နံနက် (၁၀) နာရီတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ငပုအင်းရွာသစ်နှင့် လွှစင်ကုန်း ကျေးရွာအစပ် လမ်းဆုံရှိ ငပုအင်းဘုန်းတော်ကြီးကျောင်း ကို စစ်ကောင်စီက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှု ကြောင့် အရပ်သားပြည်သူ (၂၀) ကျော် သေဆုံးပြီး အများ အပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒေသခံပြည်သူများအပြင် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေး တပ်မှ တပ်ဖွဲ့ဝင်များက အဆိုပါဘုန်းတော်ကြီးကျောင်း တွင် ဝါဆိုသင်္ကန်းဆပ်ကပ်ရန် စီစဉ်လုပ်ဆောင်နေစဉ် စစ်ကောင်စီက ပေါင် (၅၀၀) ဗုံးဟု ယူဆရသော ဗုံး (၄) လုံး ကြဲချတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားပြည်သူ (၂၀) ကျော်နှင့် တော်လှန်ရေးတပ်ဖွဲ့များမှ ရဲဘော် (၁၀) ဦးခန့် ကျဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူအရေအတွက်ကိုမူ အတည်မပြုနိုင်သေး ချေ။ လက်ရှိတွင် ဒေသခံကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ဇူလိုင်လ (၂၂) ရက်နေ့တွင် တော်လှန်ရေးအင်အားစုများက သိမ်ဇရပ်မြို့မရဲစခန်းကို လက်နက်ကြီး အနည်းဆုံး (၇) လုံး ခန့်ဖြင့် တိုက်ခိုက်ခဲ့သည်။

တိုက်ခိုက်မှုပြီးနောက် တော်လှန်ရေးတပ်ဖွဲ့ဝင်များက ဆုတ်ခွာသွားသော်လည်း သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် ရမ်းသမ်း ပစ်ခတ်ခဲ့သည်။

လက်နက်ကြီးသည် သိမ်ဇရပ်မြို့တွင် ကျရောက်ပေါက်ကွဲ ခဲ့ပြီး အသက် (၃၀) ကျော်အရွယ် ကိုလင်းစစ်သူ သေဆုံးခဲ့ ပြီး အမျိုးသမီး (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိခိုက်သေဆုံးသူများကို လူမှုကယ်ဆယ်ရေးအသင်း များ၏ အကူအညီဖြင့် သိမ်ဇရပ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ခဲ့သည်။

ဇူလိုင်လ ပထမပတ် တစ်ပတ်လုံးတွင် ကျိုက်ထိုမြို့ နယ်တွင် တိုက်ပွဲများ ဖြစ်ပွားနေပြီး စစ်ကောင်စီတပ်က တော်လှန်ရေးတပ်ဖွဲ့များထိန်းချုပ်ထားသည့် ကျေးရွာများ ကို လက်နက်ကြီးဖြင့် ပစ်ခတ်နေသည်။

၂၀၂၄ ဇန်နဝါရီလမှ ဇွန်လအထိ စစ်ကောင်စီတပ်၏ လက်နက်ကြီးနှင့် မြေမြှုပ်မိုင်းများကြောင့် မွန်ပြည်နယ် တွင် အရပ်သားပြည်သူ အနည်းဆုံး (၅၂) ဦး သေဆုံးပြီး (၁၀၈) ဦးကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အခြားရက်စက်သည့်တိုက်ခိုက်မှုတစ်ခုသည်လည်း ဇူလိုင်လ (၂၃) ရက်နေ့ နံနက် (၉) နာရီတွင် ဖြစ်ပွားခဲ့ပြီး ဒေသခံရွာသား (၆) ဦး သေဆုံးကာ (၁၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားနေစဉ် စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်နှင့် ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့အကြား ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု ကျောက်တန်းလေးကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

တိုက်ပွဲအတွင်းတွင် ကျိုက်ထိုအခြေစိုက် အမှတ် (၆၀၂) အမြောက်တပ်ရင်းက ဟောင်ဝစ်ဇာနှင့် လက်နက်ကြီးအလုံး (၅၀) ကျော် ပစ်ကူပေးခဲ့သည်။

**“လက်နက်ကြီးက အလုံး (၅၀) ကျော်တယ်။ တစ်နေ့လုံး ပစ်နေတာ။ တိုက်ပွဲဖြစ်တုန်းကတော့ အလုပ်သမားတွေက အသက်လုပြေးနေရတာပေါ့။ သေတဲ့သူတွေလည်း ဘယ်သူဘယ်ဝါမှန်း မသိဘူး”** ဟု ပျဉ်းကတိုးကုန်းဒေသခံတစ်ဦးက ပြောသည်။

တိုက်ခိုက်မှုကြောင့် အသက် (၁၈) နှစ်အရွယ် မောင်စိုးထက်ပိုင်နှင့် မောင်ချစ်ကို၊ အသက် (၂၀) အရွယ် မောင်ငြိမ်းချမ်းအောင်နှင့် မောင်အောင်ဇင်သွေး၊ အသက် (၂၉) နှစ်အရွယ် ကိုထွန်းထွန်းဝင်းအပါအဝင် (၆) ဦး သေဆုံးခဲ့ပြီး သေဆုံးသူအားလုံးသည် ဒေသခံများနှင့် ရွှေတွင်းလုပ်သားများ ဖြစ်သည်။

၎င်းပြင် အသက် (၂၄) နှစ်အရွယ် မအေးစန္ဒာ၊ အသက် (၃၆) နှစ်အရွယ် မအိဖြူနှင့် အသက် (၄၁) နှစ်အရွယ် ကိုလှထွန်းအောင်အပါအဝင် ဒေသခံပြည်သူ (၁၂) ဦး ဒဏ်ရာရရှိခဲ့ပြီး (၂) ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင် ရှိသည်။

၎င်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး ပြောရေးဆိုခွင့်ရှိသူ ဗဒိုစောအေးနိုင်က “စစ်တပ်ကတော့ အကြမ်းဖက်မှုနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို နေ့စဉ်ရက်ဆက် ကျူးလွန်နေတာပဲ” ဟု မှတ်ချက်ပြုခဲ့သည်။

တိုက်ပွဲအတွင်းတွင် စစ်ကောင်စီတပ်က သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး လက်အောက်ရှိ ရွှေတွင်းလုပ်ကွက်နှင့် စိုက်ပျိုးရေးခြံများရှိသည့် ပျဉ်းကတိုးကုန်း ကျေးရွာအုပ်စုကို ပြင်းပြင်းထန်ထန် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

ကျိုက်ထိုမြို့နယ်တွင် ယခုလ၌ တိုက်ပွဲများဖြစ်ပွားနေသည့်အပြင် စစ်ကောင်စီ၏ “နေ့ရောညပါ” လက်နက်ကြီးပစ်ခတ်နေမှုကြောင့် အရပ်သားပြည်သူအနည်းဆုံး (၁၆) ဦး သေဆုံးပြီး (၃၂) ဦးကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**တနင်္သာရီ တိုင်းဒေသကြီး**

- IDP 24,000+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 35 ဦးခန့်
- သေဆုံးသူ 20 ဦးခန့်

ကရင်ပြည်နယ်

မွန်ပြည်နယ်

၂၀၂၄ ဇူလိုင်လ (၁၈) ရက်နေ့မှစ၍ အင်အား (၂၀၀) ခန့်ရှိသည့် စစ်ကောင်စီ စစ်ကြောင်းသည် ထားဝယ်ခရိုင် ရေဖြူမြို့နယ်ရှိ ကျေးရွာများကို စစ်ကြောင်းထိုးနေသဖြင့် ဒေသခံပြည်သူ (၁၀,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။

ရေဖြူဒေသမှ ဇာဒီ၊ ခေါင်ပြန်၊ ဒိုက်တကော်၊ ကျောက်ထရံ၊ ခွေးမဖော၊ ခရင်းချောင်း နှင့် ပယကျေးရွာများကို စစ်တပ်က စစ်ကြောင်းထိုးဝင်ရောက်နေပြီး နဘုလယ်ဒေသမှ ဇကနီ၊ ခမောင်းချောင်း၊ လဲ့ရှောင်၊ ဘဝါ၊ ပရဒက်၊ ထိန်ကြီးနှင့် ရလိုင်ကျေးရွာများကိုလည်း စစ်ကြောင်းထိုးနေသည်။

**"ဇာဒီ၊ ခေါင်ပြန်၊ ခွေးမဖော၊ ခရင်းချောင်းနဲ့ ကျောက်ထရတို့ဘက်ကတော့ ရွာလုံးကျွတ် ထွက်ပြေးနေရတယ်။ ပယကတော့ တစ်ဝက်လောက် ပြေးနေပြီ။ ကျန်တဲ့ ရွာတွေမှာလည်း စစ်ကြောင်းပြန်ထွက်မှပဲ ရွာကို ပြန်ဝင်လာကြတာ။ စစ်ကြောင်း ပြန်ဝင်ရင် ပြန်ထွက်ပြေးပြန်ပေါ့"** ဟု ဇာဒီကျေးရွာအုပ်စုမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ကျေးရွာ (၁၄) ရွာမှ စစ်ဘေးရှောင်ပြည်သူများသည် ထားဝယ်မြို့ပေါ်၊ အနီးအနားရှိ ဥယျာဉ်ခြံများ၊ တောတောင်များနှင့် ကံပေါက်ဒေသရှိ ဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံနေရပြီး ကျေးရွာများတွင် ပိတ်မိနေသူများလည်း ရှိနေသည်။

**"မိုးလည်းကျလာပြီဆိုတော့ စားနပ်ရိက္ခာနဲ့ ကျန်းမာရေးအတွက် စိတ်ပူနေရတယ်။ အရင်တုန်းက နေ့ခင်းဘက်ကို အိမ်ပြန်လို့ရသေးတယ်။ အခုတော့ ဘယ်လိုမှ မပြန်ရဲတော့ဘူး"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဇာဒီကျေးရွာတွင် စစ်ကောင်စီတပ်က နေအိမ် (၂) လုံးကို မီးရှို့ဖျက်ဆီးပြီး ရွာသား (၈) ဦးကို ဖမ်းဆီးခဲ့သည်။ ဇူလိုင်လ (၁၉) ရက်နေ့တွင် လောင်းလုံးကိုစစ်ကြောင်းထိုးလာသည့် အင်အား (၁၀၀) ဝန်းကျင်ရှိ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့သည် ညင်းမော်ကျေးရွာအုပ်စု ကြယ်တောင်ကျေးရွာအနီးတွင် ထိတွေ့မှု (၂) ကြိမ် ဖြစ်ပွားခဲ့သည်။

ဇူလိုင်လ (၁၉) ရက်နေ့ နေ့ခင်းပိုင်းအချိန်တွင် ညင်းမော်ကျေးရွာအုပ်စု ရင်ဘုတ်ကျေးရွာရှိ နေအိမ် (၃) လုံးကို စစ်ကောင်စီတပ်သားများက မီးရှို့ဖျက်ဆီးခဲ့သည်။

“ရွာထဲက အကြီးဆုံးနဲ့ အကောင်းဆုံးအိမ်တွေကို ရွေးပြီး မီးရှို့ဖျက်ဆီးလိုက်ကြတာ။ တိုက်ပွဲဖြစ်တဲ့နေရာနဲ့နီးတဲ့ အိမ်တွေကို မီးရှို့လိုက်တာ” ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

စစ်ကောင်တပ်က အောက်ရေဖြူကျေးရွာတွင် ညအိပ်စခန်းချခဲ့ပြီး ဇူလိုင်လ (၂၀) ရက်နေ့ မနက်ပိုင်းတွင် လောင်းလုံးသို့ ချီတက်သွားကြသည်။ စစ်ကြောင်းထွက်ခွာချိန်တွင် ညင်းမော်တွင်ဖမ်းဆီးထားသည့် ဒေသခံ (၁၀) ဦးကျော်ကို ပြန်လည်လွှတ်ပေးခဲ့သည်။

ဇူလိုင်လ (၂၁) ရက်နေ့တွင် ညင်းမော်၊ ဂွအင်း၊ စစ်ပြဲ၊ အောက်ရေဖြူ၊ ကဒက်ကြီး၊ ကဒက်ငယ်နှင့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူများ ဘေးလွတ်ရာတိမ်းရှောင်နေရသည်။ စစ်ကောင်စီတပ်က တစ်ရွာပြီးတစ်ရွာ စစ်ကြောင်းထိုးနေပြီး တွေ့သမျှရွာသားများကို ဖမ်းဆီးစစ်ဆေးနေသည်။

စစ်ကောင်စီတပ်က ထားဝယ်နှင့် လောင်းလုံးမြို့နယ်များတွင် ဇူလိုင်လတစ်လလုံး စစ်ကြောင်းထိုးနေပြီး စစ်ကြောင်းဝင်ရောက်သည့်ကျေးရွာတိုင်းမှ ရွာသားများကို ဖမ်းဆီးစစ်ဆေးနေသည်။

ပိတ်သိမ်းထားသည့် စာသင်ကျောင်းများတွင်လည်း ဝင်ရောက်တပ်စွဲနေထိုင်နေသည်။ ဇူလိုင်လ (၁၄) ရက်နေ့တွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် သဇ္ဈာ၊ ရဟောင်းဝနှင့် ပန်းဒလဲကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်ခဲ့သည်။ စစ်ကောင်စီတပ်သား အင်အား (၈၀) နီးပါးကလည်း လောင်းလုံးမြို့မရဲစခန်းသို့ ရောက်ရှိလာပြီး တစ်မြို့လုံးကို အင်အားဖြန့်ကျက်ထားသည်။ စစ်ကောင်စီတပ်က ကျေးရွာစာသင်ကျောင်းတွင် ဝင်ရောက်တပ်စွဲနေပြီး ထိုမှတဆင့် ကျေးရွာများကို ဝင်ရောက်ကာ စစ်ရှောင်ပြည်သူများ၏နေအိမ်များကို ဝင်ရောက်ရှာဖွေမွှေနှောက်နေသည်။

ဇူလိုင်လ (၁၉) ရက်နေ့နောက်ပိုင်းနေ့ရက်များတွင် လောင်းလုံးမြို့တွင်တပ်စွဲထားသည့် စစ်ကောင်စီတပ်သား (၈၀) နီးပါးက ညင်းမော်နှင့် ညင်းဘုတ်ကျေးရွာများကို စစ်ကြောင်းထိုးလာသည်။

ညင်းဘုတ်ကျေးရွာ တီစစ်ကမ်းခြေလမ်းဝတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲပြီးနောက် စစ်ကောင်စီတပ်သားများက ထားဝယ်အနောက်ပိုင်း လောင်းလုံးမြို့နယ် ညင်းမော်ကျေးရွာမှ နေအိမ် (၃) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

“တိုက်ပွဲမဖြစ်ခင်ကတည်းက ညင်းမော်ရွာက ရွှေ့ပြောင်းအလုပ်သမား (၈) ယောက်ကို ဖမ်းပြီး ဆိုင်ကယ် (၉) စီးကို သူတို့ သိမ်းလိုက်ပြီးပြီ။ ညင်းဘုတ်မှာ တိုက်ပွဲလည်း ဖြစ်ပြီးရော အိမ်တွေကို မီးရှို့တော့တာပဲ။ ဖမ်းသွားတဲ့သူတွေကို အခုတော့ ပြန်လွှတ်ပေးလိုက်ပြီ” ဟု ညင်းမော်ဒေသခံတစ်ဦးက ပြောသည်။

အသက် (၃၀) အရွယ် ညင်းမော်ဒေသခံအမျိုးသားတစ်ဦးကိုလည်း စစ်ကောင်စီတပ်က သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး စစ်ဘေးရှောင်နေအိမ်များမှ မော်တော်ဆိုင်ကယ်များနှင့် အဖိုးတန် ပစ္စည်းများကို ခိုးယူ,ယူဆောင်သွားသည်။

ထားဝယ်ခရိုင် ရေဖြူအရှေ့ဘက်ကမ်းတွင် စစ်ကောင်စီတပ်၏ လက်နက်ကြီးရမ်းသမ်း ပစ်ခတ်မှုကြောင့် သံဃာတော် (၁) ပါး ပျံလွန်တော်မူပြီး အရပ်သားပြည်သူ (၁) ဦး သေဆုံးခဲ့သည်။ ၎င်းပြင် အမျိုးသမီး (၁) ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ဇူလိုင်လ (၂၂) ရက်နေ့ ညနေ (၃) နာရီတွင် ရေဖြူပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ထားဝယ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တပ်ခွဲ (၁) တို့သည် စစ်ကောင်စီ၏ စစ်ကားတစ်စီးကို တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲသည် (၁၅) မိနစ်တာမျှ ကြာမြင့်ခဲ့ ကြောင်း ရေဖြူပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပြောသည်။

တိုက်ပွဲပြီးနောက် စစ်ကောင်စီတပ်များက အနီးအနားကျေးရွာများကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။ အသက် (၄၈) နှစ်အရွယ် ဦးသက်ဆွေသည် ခြံသို့ ဆိုင်ကယ်ဖြင့် သွားနေစဉ် လက်နက်ကြီးထိမှန် သေဆုံးခဲ့သည်။

အလားတူပင် ရေဖြူတွင် ဘောလုံးကွင်းအနီး ကွမ်းယာဆိုင်ဖွင့်ထားသည့် ဒေါ်ဂျက်သည် စစ်ကောင်စီတပ်သားများ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည်။ သက်တော် (၄၀) ရှိ သံဃာတော်တစ်ပါးကလည်း ကွမ်းယာဆိုင်တွင် ကွမ်းဝယ်နေစဉ် ပစ်ခတ်ခံခဲ့ရသည်။ ဒဏ်ရာပြင်းထန်ခဲ့ပြီး ထားဝယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ဇူလိုင်လ (၂၄) ရက်နေ့ မနက်ပိုင်းတွင် ပျံလွန်တော်မူသွားခဲ့သည်။

**“ကျည်ဆန်က ကျောရိုးကို ထိသွားတာ။ ဗိုက်ပွင့်ပြီး အူတွေပါ ထွက်ကျနေပြီ။ ဆေးကု နေတုန်းမှာပဲ ပျံလွန်တော်မူသွားတာ”** ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ဒေါ်ဂျက်က လက်မောင်းတွင် ဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်မြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးကု သမှုခံယူလျက်ရှိသည်။

ဇူလိုင်လ (၂၂) နှင့် (၂၃) ရက်နေ့များတွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ်မှ ဒေသခံ ပြည်သူ အနည်းဆုံး (၇) ဦးကို စစ်ကောင်စီက မတရားဖမ်းဆီးခဲ့သည်။ ကဒက်ကြီး ကျေးရွာ မြခါးပတ်ဘုန်းတော်ကြီးကျောင်းတွင် တပ်စွဲထားသည့်စစ်ကောင်စီတပ်ဖွဲ့ဝင် များက ပြင်ချောင်းကျေးရွာမှ အမျိုးသား (၃) ဦးနှင့်် အမျိုးသမီး (၂) ဦးကို ဖမ်းဆီးခဲ့ သည်။

အမျိုးသား (၃) ဦးကို ဇူလိုင်လ (၂၃) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သော်လည်း အမျိုးသမီး (၂) ဦးကိုမူ လက်ကိုင်ဖုန်းများတွင် မသင်္ကာဖွယ်ရာများတွေ့ရှိသည်ဟု ဆိုကာ ဆက်လက်ထိန်းသိမ်းထားသည်။ ဇူလိုင်လ (၂၃) ရက်နေ့တွင် စစ်ကောင်စီ တပ်သားများက ကဒက်ငယ်နှင့် ညင်းဘုတ်ကျေးရွာများကို ဝင်ရောက်စီးနင်းပြီး

ရွာသား (၅) ဦးထက်မနည်းကို ဖမ်းဆီးသွားခဲ့သည်။

လက်ရှိတွင် စစ်ကောင်စီတပ်သားများက ညင်းဘုတ်ကျေးရွာရှိ နေအိမ်အများအပြား တွင် ဝင်ရောက်တပ်စွဲထားပြီး ၎င်းတို့တပ်စွဲထားသည့်နေအိမ်အချို့မှ အဖိုးတန်ပစ္စည်း များကို လုယက်ယူဆောင်ပြီး နေအိမ်များကို ဖျက်ဆီးခဲ့သည်။

**"လောင်းလုံးရဲစခန်းကနေ ကားတစ်စီးထွက်လာပြီး ကဒက်ငယ်က (၃) ယောက်၊ ညင်းဘုတ်က (၂) ယောက်နဲ့ ပြင်ချောင်းက (၂) ယောက် ဖမ်းထားတဲ့သူ (၇) ယောက်ကို လောင်းလုံးရဲစခန်းကို ပို့လိုက်တယ်"** ဟု လောင်းလုံးမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဇူလိုင်လ (၂၀) ရက်နေ့ ညနေပိုင်းတွင် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် မြိတ်-ထားဝယ်ကားလမ်းပေါ်ရှိ ရွှေဂူတံတားစစ်ဆေးရေးဂိတ်တွင် တပ်စွဲနေသည့် စစ်ကောင်စီတပ်က လက်နက်ကြီးပစ်ခတ်ခဲ့သဖြင့် ညောင်ဇင်ကျေးရွာမှ လယ်သမား တစ်ဦး ထိခိုက်သေဆုံးခဲ့သည်။

လက်နက်ကြီးသည် အသက် (၆၀) ကျော်အရွယ် ဦးမျိုးလွင်၏ ရင်ဘတ်ကို ထိမှန်ခဲ့ သည်။ ညောင်ဇင်ကျေးရွာစာသင်ကျောင်းအနီးရှိ ၎င်း၏လယ်ကွင်းတွင် အလုပ်လုပ်နေစဉ် လက်နက်ကြီးထိမှန်ပြီး ပွဲချင်းပြီးသေဆုံးခဲ့ခြင်း ဖြစ်သည်။

**"အဲအချိန်မှာ တိုက်ပွဲလည်း မရှိဘူး။ ရွှေဂူတံတားဂိတ်က အကြောင်းမဲ့ပစ်လိုက်တာ။ သူတို့က အဲလိုပစ်နေကျပဲ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

လက်နက်ကြီးပစ်ခတ်ချိန်တွင် ညောင်ဇင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် စစ်ကောင်စီတပ်သား အင်အား (၆၀) ခန့် ရောက်ရှိနေသည်။ လက်နက်ကြီး မပစ်ခတ်မီ မနက်စောစောပိုင်းတွင်လည်း စစ်ကောင်စီတပ်သားများက ကျေးရွာ အတွင်းသို့ ဝင်ရောက်ပြီး လူငယ်များနှင့် ဒေသခံပြည်သူများကို စစ်ဆေးမေးမြန်း ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် နေအိမ်များကိုလည်း ဝင်ရောက်စစ်ဆေးခဲ့သည်။

ဇူလိုင်လ (၂၂) ရက်နေ့အထိ စစ်ကောင်စီတပ်သားများသည် ညောင်ဇင်ကျေးရွာတွင် တပ်စွဲထားဆဲဖြစ်ပြီး ဒေသခံပြည်သူများက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ မည်ကို စိုးရိမ်ကြောက်လန့်နေကြသည်။

အလားတူအကြမ်းဖက်မှုပုံစံများသည်လည်း သရက်ချောင်းမြို့နယ်တွင် ဖြစ်ပွားခဲ့ပြီး ဖြစ်သည်။ သရက်ချောင်းမြို့နယ်တွင်လည်း စစ်ကောင်စီတပ်သားများက ဒေသခံရွာသား များကို လက်နက်ကြီးဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ဇွန်လတွင်လည်း ဒရုန်းဖြင့် ဗုံးကြဲ ခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်းနှင့် မြေမြှုပ်မိုင်းများထောင်ခြင်းများ ပြုလုပ်ခဲ့ပြီး ဗုံးပေါက်ကွဲမှုကြောင့် တနင်္သာရီဒေသမှ ရွာသားအနည်းဆုံး (၈) ဦး သေဆုံးပြီး (၁၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံ စားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေး ထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမ တည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ် ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေး နေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီ က ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူး အာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါ အခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ် ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ် များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံ အခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ် ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူ နေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ် ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

## မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ်စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှုတားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများတွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန်လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ်ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘော်ာဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံးခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

## Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇူလိုင်လ ၂၀၂၄

HURFOM

Human Right Foundation of Monland | July 2024